# သခင့်စကား

ဝိညာဉ်ရေးဂျာနယ်

ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့် ဖြစ်၏
ကြားနာခြင်းသည်လဲ ဘုရားသခင်၏ စကားတော်အားဖြင့် ဖြစ်၏
ရောမ ၁၀း၁၇

| အမှတ်စဉ် (၆၅) | ဖေဖော်ဝါရီလ | ၂၀၀၇ ခုနှစ် | ဖေဖော်ဝါရီ ( လစဉ် ၁၀ ရက် တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) |
|---|---|---|---|


## သို့ မေမေ – ၁၅



အမေ ...
ရင်ထဲက အပူတွေကြောင့် တောမီးတွေ လောင်နေတာလား၊
မြေပေါ်ကျတဲ့ မျက်ရည်တွေကြောင့် ရေတွေ ကြီးနေတာလား၊
မှုမမှန်တဲ့ ရင်ခုန်သံတွေကြောင့် ငလျင်တွေ လှုပ်နေတာလား၊
စိတ်ရဲ့ ဖိစီးမှု ဒဏ်တွေကြောင့် မီးတောင်တွေ ပေါက်ကွဲနေတာလား၊
ထောင်လွှားနေတဲ့ မာနတွေကြောင့် စစ်ပွဲတွေ နွှဲနေကြတာလား၊
ညစ်ပတ်နေတဲ့ စိတ်ဓါတ်တွေကြောင့် ကပ်ရောဂါဆိုးတွေ တိုးနေတာလား၊
ပျက်စီးနေတဲ့ အကျင့်စရိုက်တွေကြောင့် ရာသီဥတုတွေဖောက်ပြန်နေတာလား၊
မတူညီတဲ့ အတွေးလွဲတွေကြောင့် ဂိုဏ်းဂန အစွဲတွေ ရှိနေကြတာလား၊
အမေ ...
မဆုံးနိုင်တဲ့ လောဘတွေကြောင့်လား၊ မနက်ဖြန်အဖို့ စိုးရိမ်နေလို့လား၊
သားတို့ နှစ်ယောက် ဝေးဝေးကဘဲ လွမ်းနေကြတယ်။ ။

**SAW A. THAW** (ယမါသးဘိ နှင့် သုံးနှစ်မြောက် )



---

## ညှို့ညှာ သော်ရိုရွှီ

ငါ – ကောင်းကင်တမန် ဘာသာစကား တတ်တယ် ။
ပရောဖက် ဉာဏ်လဲ ရှိတယ် ။
သိပ္ပံအတတ် အမျိုးမျိုးလဲ တတ်တယ် ။
တောင်တွေ ရွှေ့နိုင်တဲ့ ယုံကြည်ခြင်းလဲ ရှိတယ် ။
ကိုယ်ပိုင် စည်းစိမ်တွေ အားလုံး စွန့်ကြဲရဲတယ် ။
ဒါပေမဲ့ – မေတ္တာ မပါရင် အလကားပါဘဲ ။



ငါ – စိတ်ရှည် သည်းခံခြင်းကို သင်ယူ
ဂုဏ်ပြိုင် ဝါကြွားခြင်း မာနတွေကို မောင်းထုတ်
ကိုယ်ကျိုးရှာ ဒေါသတရားကို ထမ်းထုတ်သွားတဲ့နေ့မှာ
သမ္မာတရား၌ ဝမ်းမြောက်တတ်ခဲ့တယ် ။
အရာခပ်သိမ်းကို ဖုံးအုပ်တတ်ခဲ့တယ် ။
ယုံတတ်လာတယ်။ မျှော်လင့်တတ်လာတယ် ။
ဖောက်ပြန်ခြင်းသဘောနဲ့ အစဉ် ကင်းလွတ်ခဲ့ပြီ ။ ။

**မောင်လမင်း** ( ၁ကော ၁၃း၁–၈ )



oooooooooooooooooooooooooooooooooooooo

## သင်တွေးခဲ့ဖူးပါသလား

* ဝင်တစ်ချိန် ထွက်တစ်ချိန်နဲ့ ရှင်နေမင်းဟာ ၃၆၅ရက် မြောက်နေ့မှာ တို့တစ်တွေကို ပို အို သွားစေခဲ့တယ်။

* တစ်ခြမ်းမှောင် တစ်ခြမ်းလင်းနေတဲ့ ကမ္ဘာဟာ တစ်ဘက်မှာ ပျော်ရွှင်မှုစည်းစိမ်တွေနဲ့ ကြွယ်ဝနေပြီး အခြားတစ်ဘက်မှာ ငိုကြွေးမှု အနိဋ္ဌာရုံတွေနဲ့ ပြည့်နှက်နေတယ်။

* သတ္တရာဇ်တွေ ရွေ့လျားနေသလို လူသားတွေရဲ့ စိတ်အစဉ်ဟာလဲ ယုတ်ညံ့နိမ့်ကျလာနေတယ်။

* လူတွေဟာ အတိတ်ရဲ့ အာဃာတ၊ ရန်ညိုး၊ အမုန်းတရားတွေနဲ့ ကိုယ့်ကိုယ်ကို တစ်ပတ်ပြီး တစ်ပတ် ရစ်ပတ်နေကြတယ်။

* အတုတွေနဲ့ ယစ်မူးနေတဲ့ ဒီလောကမှာ နှလုံးသား အတုတွေ သခင့်အတွက် ဖြစ်လာပြီ။

* တစ်ယူသန်စွဲ သမားတွေဟာ ကိုယ်မှန်တယ်ဆိုပြီး နှလုံးသားကို အပြီးအပိုင် ချိတ်ပိတ်ထားတတ်ကြတယ်။ သခင့် အလင်းတန်းလေးတောင် ဝင်ခွင့် မရ တော့ဘူး။

* ခရစ်ယာန်တွေဟာ ရုပ်တုကို မကိုးကွယ်ပါဘူးလို့ ဝန်ခံ ကတိပြုကြပေမဲ့ မိမိကိုယ်ကို ချစ်ခြင်း၊ တပ်မက်ခြင်း၊ ရန်လိုခြင်း၊ အမုန်းပွားခြင်း၊ လိမ်လည်ခြင်းဆိုတဲ့ **Private Statue** တွေကိုတော့ **Secretly** ကိုးကွယ် တတ်ကြတယ်။

ဒီအရာတွေကို သင် တွေးခဲ့ဖူးပါသလား။ **"No"** ဆိုရင်တော့ ... သင့်ခြေလှမ်းကို လှမ်းတဲ့နေရာမှာ စုံရပ်ပြီး ခနလောက် စဉ်းစားပါ။ ငိုကြွေးနေတဲ့ သင့်ဝိညာဉ်ရဲ့ အသံကို သင့်နားက ကြားစေပါလိမ့်မယ်။ သင့်ဝိညာဉ်ဟာ အသက်စမ်းရေ တစ်ပေါက်ကို ငံ့လင့်နေလေရဲ့။

ဒါကို သင်ငြင်းဆန်ခဲ့ရင်တော့ ... အဆုံးမှာ သင့်ရဲ့ ဝိညာဉ်ဟာ **Hell** ဆိုတဲ့နေရာမှာ ခြောက်ကပ် ကျွမ်းလောင် ပြီး သေဆုံးရပါလိမ့်မယ်။ (ဖတ်ရှုရန်ကျမ်းချက်။ ယော ၄း၁၃–၁၅ ) **Excellent(Feb)**

---

## နှိုင်းယှဉ်မရတစ်ခု

နွေ – နွေလဲ နွေခါ ၊ နွေလဲ နွေမို့
နေပူပြင်းပြင်း ၊ ပံသုမြေလွှာ ကွဲအက်ကာမှ
မြေယံသက်ဆင်း ရွက်ဝါခြောက်ခြောက် ရေကြည်တစ်ပေါက်
မခရှာ ကုန်းမြေမို့မို့ ကိုယ်တော်ခြေရာ
ကားတိုင်လမ်းထက် ဖုန်မြေထောင်းထောင်း အိုမင်းပေမဲ့
မပြောင်းမလဲ ခြေတော်ရာက ၊ သစ်လွင်နေဆဲ တောက်ပဆဲ ။
ဆောင်း – ဆောင်းလဲ ဆောင်းခါ ၊ ဆောင်းလဲ ဆောင်းမို့
နှင်းမှုန်ဝေဝေ စက္ကူဝေဝါး ၊ မကြည်မလင် ပင့်သက်ခါခါ
ချမ်းချမ်းစီးစီး အာခေါင်ခြောက်အောင်
စိမ်းစိုတန်းပြာ ကရာနီမှ ကိုယ်တော်မေတ္တာ သက်သေဆိုတာ
စမ်းတဝါးဝါး အေးစက်ပေမဲ့ မပြောင်းမလဲ မေတ္တာတော်သည်
နွေးထွေးနေဆဲ ကြည်လင်ဆဲ။
မိုး – မိုးလဲ မိုးခါ မိုးလဲ မိုးမို့
မိုးစွေသည်းသည်း မြေနံ့သင်းပျံ့ ပင်ထက်ယံဆီ
စိမ်းလန်း သစ်ဆန်း ပထဝီသဏ္ဌာန် အာဂန္တုနေရာ
လှုပ်လှုပ်ရှားရှား ရှန်းရင်းခတ်ချိန် လူနေခြေတိတ် ဝေါလဝေါသ
ကိုယ်တော် နံဘေး သွေးနဲ့ စမ်းရေ ၊ ချောင်းရေသွင်သွင် သတိ မမူပေမဲ့
မပြောင်းမလဲ ထာဝရ သက်စမ်းရေ ၊ စီးဆင်းနေဆဲ စီးနေဆဲ။
ရာသီ လီလီ ၊ ရက်လ ခါခါ
ကြာညောင်းကာလင့် ကိုယ်တော်ခြေရာ ကိုယ်တော်မေတ္တာ
ကိုယ်တော်ကဖြင့် မနေ့ ယနေ့ နောင်ကာလတိုင်
မပြောင်းမလဲ တည်ရှိနေဆဲ။
သို့ပေမဲ့ ကိုယ်တော်
ခရစ်ယာန်ဆိုဘဲ ကိုယ်တော်သားပျို ၊ ကိုယ်တော် သမီးပျို
ယနေ့ထက်တိုင် ဇာတိသဘော ဇာတိ အသွင်ဆောင်
ဇာတိစိတ်နဲ့ မုန်းလို့တီးလို့ ကောင်းနေဆဲပင်၊
ကိုယ်တော်အသွင် ကိုယ်တော်သဘော၊
ကိုယ်တော် နှလုံးမှုလို့ ယုံကြည်သူများ မနေ့ ယနေ့
နောင်ကာလတိုင် မပြောင်းမလဲ ရှိနေဆဲ။ ။ မာလခီ ၃း၆

**( HANIEL )**



---

## မှသား



အကြောင်းတရား ဖြစ်ရပ်မှန်ကို သွေဖီလွဲချော်
ရှေ့နောက်မညီ ဖုံးဖိပြောဆို လုပ်ဆောင်ခြင်း ဟုဆိုသော် ...
နှုတ်ကပါတ်တော် သမ္မာကျမ်း၌ မုသားအဖ
လူစီဖာ တဲ့ ... ဖတ်ဖူးခဲ့ပါရဲ့ ...
သင်၏ နှုတ်ခမ်းတို့ကို မုသားနှင့် ကင်းစေတဲ့

ဆင်ခြင်မိသည် ကယ်တင်အရှင် အလိုတော်ကား
ယုံကြည်သူများ နှုတ်ခမ်းဖျား၌ မုသားရန်နှံ့ မသင်းစေချင် ဟုဆိုသော် ...
ကြားဖူးပါရဲ့ ရှေးယုံကြည်သူ ယာကုပ် အကြောင်း
သားကြီးအရာ လှည့်ဖျားလုယူ ခံယူကောင်းကြီး
ထာဝရဘုရားမှ သူ၏ မုသား လိမ်ညာမှုကို အမှတ်မယူ
ပြည့်လျှံကောင်းကြီး သွန်းလောင်းခဲ့တာ မုသား အတွက်
ဘုရား၏ အကြံအစည် အခွင့်တော်ရှိ၏ဟု ယုံကြည်သူများ
အားကျတုယူ ကောင်းလှပါဘိ ...ဟုဆိုသော် ...
ဦးယာကုပ် အကြောင်း ဆက်လက်ဖတ်ရှု ဆင်ခြင်မိသော်
ဦးစွာပထမ သူ၏မြေမှ အသက်လွတ်ရန်း
အိမ်ခြေယာမဲ့ မျှော်လင့်နတ္ထိ ပြေးခဲ့ရပေ့ါ
ထိုမှတဆင့် ကြင်ယာရှာလို့ နှလုံးသားမှ ပေါက်ဖွားမေတ္တာ
ရာခေလ အတွက် ဦးလေးထံ၌ ကျွန်ခံဘ၀ ၇ နှစ်တာ
ကတိနှစ်ပြည့် စုံဖက်ကြင်ယာ မိုးလင်းမှ သိ
မှားယွင်းမှုက ဂျင်ထိပ်ကတုံး အကွက်ခံရမှုက ဆင်ခြင်စရာ
အသည်းဦးအတွက် နှလုံးသား၏ တောင့်တမှုကြောင့်
လှည့်စားသိလျှက် ငြင်းပယ်မရ ကြိတ်မှိတ်သည်းခံ
တိုးခဲ့သက်တမ်း သူ၏ ကျွန်ဘ၀ ၇ နှစ်တာ
မဆုံးနိုင်ဘဲ သူ၏အသွေး မျိုးဆက်များမှ
လှည့်ဖျားမှုကြောင့် အချစ်ဆုံးသား ယောသပ်လေးနှင့်
ခွဲခွာခြင်းက ရှယ်စာအိုမင်း ဦးယာကုပ်အား ပူဆွေးနှလုံး
ငိုကြွေး၀မ်းနည်း စေခဲ့ပြန်ပေ့ါ
ဆင်ခြင်ကြည့်သော် မုသား၏နောက် တစ်ဖက်တစ်ချက်တွင်
ပူဆွေး၀မ်းနည်း ပေးဆပ်မှုသည် ကပ်လျှက်ရှိ၏ ... ဟုဆိုသော် ...
ဘုရားအခွင့် အကြံအစည်တော် အလိုတော်ဟု
မည်သည့် အရောင်ပင် ဆိုးစေကာမူ
မုသား သည် မုသားပင် ဖြစ်၏ဟု ဆိုချင်ပါတယ်။ ။

**JORDAN ( C.O.S )**

---

## ကိုယ်တော့်အတွက်ဖြစ်စေပါ။

"မရေ ၊ သားကတော့ တစ်နှစ်ပြည့်တော့မယ်။ မဦးရဲ့ သမီးလေးကလဲ ချစ်စရာလေး၊ နာမည်တောင်ပေးပြီးပြီ နန်းဟွမ်နွမ်း တဲ့" ၀េးကွာနေကြ တဲ့ သူငယ်ချင်းတွေဆီက စာကို ဖတ်ရင်း လူချင်း မတွေ့ရပေမဲ့လဲ ကလေးတွေကို ချစ်တတ်တဲ့ ကျွန်မ တစ်ယောက် အ၀េးကဘဲ လှမ်းပြီး ကြည်နူးနေမိတယ်။ သားရဲ့ အမေနဲ့ မဦးဆိုတာက ဟိုး ကျွန်မတို့ **Undertraining** တုံးက သူငယ်ချင်းတွေပါ။ အဲဒီတုံးက ခရစ်ယာန် လူနည်းစုလေးမှာ သူတို့နှစ်ယောက်က တစ်ကယ့်ကို တော်ပြီး အသင်းတော်မှာလဲ အသုံးအားဖြင့်ရော တိုက်တွန်းနှိုးဆော် ဦးဆောင်ရာမှာရော တကယ်ကို တတ်နိုင်သမျှ အင်တိုက်အားတိုက် ပါ၀င်ဆက်ကပ်ခဲ့တဲ့ သူတွေပါ။ ဒါပေမဲ့ သူတို့ရဲ့ သူငယ်ချင်းဖြစ်တဲ့ ကျွန်မကတော့ လူအများရှေ့မှာ မထွက်ရဲတာကြောင့် အမြဲတမ်း နောက်တန်းကဘဲ နေခဲ့သလို သူတို့ကိုလဲ တိတ်တဆိတ် အားကျနေတဲ့ သူတစ်ယောက်ပါ။



**Training** ပြီးလို့ လူချင်း၀េးကွာသွားကြပေမဲ့ မမျှော်လင့်ဘဲ တစ်မြို့ထဲမှာ ပြန်ဆုံမိကြပါလေရော။ ကျွန်မတို့ တာ၀န်ကျရာမြို့ကလေးမှာ သူတို့နှစ်ယောက်ကတော့ အရင်အတိုင်းဘဲ ဘုရားသခင်အတွက် ပါ၀င် ဆက်ကပ်နေတုံးဘဲ။ ကျွန်မ တစ်ယောက်သာ သူတို့ နဲ့အတူရှိနေပြီး သူတို့လို ပါ၀င်ဆက်ကပ်ချင်ပေမဲ့ လူတွေကို ရှက်ကြောက်တတ်နေတော့ ဘယ်တော့မှ ပါ၀င်မဆက်ကပ်နိုင်ခဲ့ဘူး။ အဲဒီအတွက် သူတို့ကို အထင်ကြီး အားကျမှုတွေနဲ့ အတူ တစ်ဘက်ကလဲ ဘုရားသခင်က သူ့ရဲ့ အမှုတော်မှာ ပါ၀င်ဖို့ ကျွန်မကို အသုံးပြုချင်ပေမဲ့ ရှက်တတ်၊ ကြောက်တတ်တဲ့စိတ်တွေကြောင့် အခွင့်အရေးတွေ ဆုံးရှုံးပြီး တာ၀န်မကျေသလို ခံစားခဲ့ရတယ်။ ကိုယ်တော်ရှင်အတွက် ကျွန်မ ဘာမှ မလုပ်ဆောင်နိုင်ခဲ့ဘူး။

နောက် နှစ်အနည်းငယ်ကြာလာတော့ ဘယ်လိုမှ မျှော်လင့်မထားတဲ့ သတင်းစကားတစ်ခုက ကျွန်မ အရမ်းကို အထင်ကြီးပြီး အားကျခဲ့တဲ့ ခရစ်ယာန်လူငယ်ခေါင်းဆောင် သူငယ်ချင်းနှစ်ယောက်စလုံးဟာ ထမ်းပိုးမညီတဲ့ သူတွေနဲ့ အိမ်ထောင်ကျကုန်ကြပြီး ဘုရားကျောင်းကိုတောင် မတက်နိုင်ကြတော့ဘူးတဲ့။ ကျွန်မ ဘာဆက်လုပ်ရမလဲ။ ကိုယ်တော်ကို သိကျွမ်းပြီးမှ၊ ကိုယ်တော်အတွက် သူမတူအောင် စွမ်းစွမ်းတမံ ဆောင်ရွက်ဆက်ကပ်ခဲ့ပြီးမှ၊ သာသနာ့ခေါင်းဆောင်ကြီးတွေ လုပ်ခဲ့ပြီးမှ နောက်ပြန်လဲကျ၊ လမ်းမှားရောက်သွားတဲ့ သူငယ်ချင်းတွေကို လမ်းမှန်ပြန် ရောက်အောင် ခွန်အားပေး နှိုးဆော် သတိပေးဖို့ ကျွန်မရဲ့ တာ၀န်ဆိုတာ သိပေမဲ့လဲ အခုအချိန်ထိ မတည့်မတ်ပေးနိုင်ခဲ့ပြန်ဘူး။

လူအများရှေ့မှာ မပြောနဲ့ ကိုယ့်အရင်းနှီးဆုံး သူငယ်ချင်းတွေကို လမ်းမှန်ပြန်ရောက်အောင် ပြန်ဆွဲခေါ်ဖို့ ခွန်အား သတ္တိ မရှိတဲ့ ကျွန်မ တစ်ယောက် အသက်တာမှာ ဆုံးရှုံးမှုအဖြစ် ထပ်မံခံစားလိုက်ရပါတယ်။ ဒီအကြောင်းကိုပြန်တွေးရင်း ကျွန်မတို့ ယုံကြည်သူ ခရစ်ယာန် အယောက်စီတိုင်းမှာ စုံစမ်းခြင်းတွေ စမ်းသပ်ခြင်းတွေ တွေ့ကြုံရတယ်ဆိုတာ သိလာရတယ်။

ဒါကြောင့်လဲ ကျမ်းစာက – **သမ္မာသတိရှိလျှက် မအိပ်ဘဲ စောင့်နေကြလော့၊ သင်တို့၏ ရန်သူတည်းဟူသော မာရ်နတ်သည် ဟောက်သော ခြင်္သေ့ကဲ့သို့ အဘယ်သူကို မြိုရမည်နည်းဟု၍ လှည့်လည် ရှာဖွေလျှက် ရှိ၏။ ၁ပေ ၅း၈။** လို့ ဖော်ပြထားပါတယ်။ ကျွန်မတို့ အမြဲ သတိနဲ့ အသက်ရှင်ဖို့ပါ။ ကျွန်မ သတိမပြုမိတဲ့အချိန်လေးမှာဘဲ စာတန်က ကျွန်မရဲ့ သူငယ်ချင်းနှစ်ယောက်ကို အနိုင်ရသွားပါတယ်။

ကျွန်မကို ဒီအကြောင်းအရာတွေအားဖြင့် ဘုရားသခင်က စကားပြောခဲ့တယ်။ သူ့အတွက် ဘာလုပ်ပြီးပြီလဲတဲ့။ ကျွန်မအတွက် အခွင့်အရေးတွေ လက်တစ်ကမ်းမှာ ရှိနေပေမဲ့ ကျွန်မ ကိုယ်တော်အတွက် ဘာမှ မလုပ်ဆောင်နိုင်ခဲ့ဘူး။ ဒီနေ့ ကျွန်မနဲ့ အတူ ယုံကြည်သူအယောက်စီတိုင်းကို ဘုရားသခင်က ဆုကျေးဇူးတွေ၊ အစွမ်းအစတွေ အသီးသီးပေးထားပါတယ်။ ကျွန်မတို့က ကိုယ်တော်အတွက်၊ သမ္မာတရားအတွက်၊ ကောင်းတဲ့ဘက်က ရှက်ကြောက်နေဖို့ မဟုတ်ဘဲ ( မဟုတ်တာကို လုပ်ဖို့တော့ ရှက်ကြပါ၊ ဒုစရိုက်လုပ်ဖို့တော့ ရှက်ကြောက်ကြပါ ) မိမိတတ်နိုင်သမျှအတိုင်း အချင်းချင်း ၀េမျှဖို့ ကိုယ်တော်အလိုတော် ရှိနေတယ်ဆိုတာကို သိပြီး ကိုယ်တော်အတွက် ဆက်ကပ်ကြပါစို့။

**၁ပေ ၄း၁၀–၁၁ ။ သင်တို့သည် ဆုကျေးဇူးတော်ကို အသီးသီး ခံရကြသည်နှင့်အညီ ဘုရားသခင်၏ အထူထူး အပြားပြားသော ကျေးဇူးတော် ဘဏ္ဍာစိုးကောင်း ကဲ့သို့ အချင်းချင်း ဝေငှပေးကမ်းကြလော့။ ဘုရားသခင်သည် အရာရာ၌ ယေရှုခရစ် အားဖြင့် ဘုန်းတော်ထင်ရှားစေမည့်အကြောင်း ဟောပြောသော သူသည် ဘုရားသခင်၏ ဗျာဒိတ်တော်နှင့် အညီ ဟောပြောစေ၊ အခြားသောအမှုကို ဆောင်ရွက်သော သူသည် ဘုရားသခင် ပေးသနားတော်မူသော အစွမ်းသတ္တိအတိုင်း ဆောင်ရွက်စေ၊ ထိုဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ဘုန်းအသရေ အစွမ်းသတ္တိရှိတော်မူစေသတည်း။** အာမင်။

**( BWAR )**

---

## Chinese new year & me

ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ကျွန်မ စင်ကာပူနိုင်ငံမှာ လာရောက် အလုပ်လုပ်ကိုင်ခွင့်ရခဲ့ပါတယ်။ ကျွန်မ၏ မိခင်မှာ **Nurse** နာ့စ် ဖြစ်၍ ဖခင်မှာတော့ ငွေစာရင်း အရာရှိတစ်ယောက်ဖြစ်ပါတယ်။ ၀န်ထမ်းများ ဖြစ်တဲ့အတွက် ကျွန်မကို ငယ်ငယ်လေးကတည်းက ပညာ အမွေဘဲ ပေးမယ်လို့ ပြောခဲ့ပါတယ်။ ပညာသင်ယူတဲ့အချိန်မှာ ဘုရားသခင်ဟာ ကျွန်မနဲ့ သင့်တော်တဲ့ ဉာဏ်ရည် အလယ်အလတ်တန်းစားကို ပေးခဲ့ပါတယ်။

ကျွန်မ အထက်တန်း (ယူဒီအီး) **U.D.E** ဂျီတီအိုင် သင်ယူပြီးတဲ့အခါ အလုပ် စ၀င်လုပ်ပါတယ်။ ကျွန်မရဲ့ မိဘနှစ်ပါးဟာ အသက် ၃၀ကျော်မှ အိမ်ထောင်ပြုခဲ့တဲ့အတွက် ကျွန်မ ဂျီတီအိုင် ကျောင်းပြီးတဲ့ အချိန်မှာ ပင်စင်စားတွေ ဖြစ်နေကြပါပြီ။ ဒီ့အတွက် ကျွန်မ ကျောင်း ဆက်တက်ဖို့

စိတ်မကူးတော့ပါဘူး။ ပထမ ရေတာရှည် သကြားစက်မှာ တာဝန် ထမ်းဆောင်ပြီးနောက် ဒုတိယ **T.No sport** မှာ တာဝန် ထမ်းဆောင် ဖူးခဲ့ပါတယ်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၁ရက်နေ့မှာ ကျွန်မ ဖခင် လေဖြတ်သွားတဲ့အတွက် ကျွန်မရဲ့ တူမ ဇနီးမောင်နှံ အကူအညီနဲ့ စင်ကာပူနိုင်ငံ ကို လာရောက်ပြီး **( Domestic worker)** နဲ့ အလုပ် လာလုပ်ပါတယ်။ ကျွန်မ စင်ကာပူရောက်တာ ၂၀၀၅ ခုနှစ် ဇူလိုင် ၂၇ ရက်နေ့ ဖြစ်ပြီး အဲဒီနေ့မှာဘဲ အိမ်ရှင်က လာကြိုပြီး သူ့အိမ်ကို ခေါ်သွားပါတယ်။ ကျွန်မ နေရမဲ့အခန်းကို သန့်ရှင်းပြီးသွားတဲ့အခါမှာ သူ့ရဲ့ မိသားစု အားလုံးနဲ့ မိတ်ဆက်ပေးပါတယ်။ အဖဘုရားရဲ့ ကျေးဇူးတော်ကြောင့် သခင်ခရစ်တော်ကို ယုံကြည်တဲ့ မိသားစု အိမ်မှာ လုပ်ရပါတယ်။ မိသားစု အားလုံး ၅ယောက်ရှိပါတယ်။ ဒုတိယ သားက အိမ်ထောင်ကျပြီး ဖြစ်တဲ့အတွက် အိမ်ခွဲနေပါတယ်။ ခွေးက ၃ကောင်၊ ယုန် ၂ကောင် ရှိပါတယ်။ စရောက်တော့ အဖွားကြီးက အားလုံး သင်ပေးပါတယ်။ အဖွားကြီးရဲ့ စိတ်က စင်ကာပူ ရာသီဥတုလိုပါဘဲ။ နေပူကြီး မတ်တပ်မှာဘဲ မိုးရွာတတ်ပါတယ်။ ကျွန်မလဲ ဘုရားသခင်ဆီမှာ ခွန်အား တောင်းပြီး သည်းခံ၍ လုပ်နိုင်ခဲ့ပါတယ်။

ဒီလိုနဲ့ ၂၀၀၅ – ၇– ၂၇ က စလုပ် လာလိုက်တာ ၂၀၀၆ –၁– ၃၁ **Chinese new year** ကိုရောက်လာပါတော့တယ်။ **Chinese new year** မရောက်ခင် နှစ်ပါတ် အလိုကတည်းက အဖွားကြီးက **cookies** အမျိုးမျိုး လုပ်ပါတယ်။ ကျွန်မ သူနဲ့ အတူတူလုပ်ပြီး ဗူးခွံတွေထဲ ထည့်ရပါတယ်။ အရင်နေ့တွေထက် နောက်ကျအိပ်ပြီး စောစောထရပါတယ်။ ကျွန်မလဲ တစ်ခါတစ်ခါ ငိုချင်လာပါတယ်။ ဒါပေမဲ့ ဆုတောင်းခွန်အားယူ၊ တောင့်ခံပြီး လုပ်ရပါတယ်။ ဒီလိုနဲ့ **Chinese new year** ကိုရောက်လာပါတော့တယ်။ **Sunday** ဖြစ်ပါတယ် ကျွန်မရဲ့ **off day** ဖြစ်ပါတယ်။

ဒါပေမဲ့ ကျွန်မ **off** မရခဲ့ပါဘူး။ " ဒီတစ်ပါတ်တော့ **Church** မသွားနဲ့တော့"လို့ပြောပါတယ်။ သူတို့ကတော့ **Church** သွားကြပါတယ်။ ၇နာရီမှာ သွားတာဖြစ်ပြီး အဖွားကြီးက သူတို့ပြန်လာရင် ဧည့်သည်တွေ ပါလာမယ်။ နင် ဘာတွေ ညာတွေလုပ်ထားဆိုပြီး အမိန့်ပေးခဲ့ပါတယ်။ သူတို့ လဲ သွားရော ကျွန်မ ငိုချင်လာပါတယ်။ တစ်ယောက်တည်းလုပ်ရမှာက အများကြီးဘဲ၊ သူတို့က ၁၁နာရီခွဲ ပြန်လာမှာဆိုတော့ အချိန် ၄နာရီခွဲနဲ့ အပြီး လုပ်ရမှာ ဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာပြည်မှာဆို အိမ်မှာ ဘုရားရှိခိုးရင် သူငယ်ချင်း တွေ၊ အိမ်နီးနားချင်းတွေ၊ အမျိုးတွေ လာရောက်ကူညီတာကို သတိရမိတယ်။ စင်ကာပူမှာကတော့ ကိုယ့်အိမ်မှာ အလှူလုပ်ရင်တောင် ဝိုင်းကူမဲ့သူ တစ်ယောက်မှ မရှိပါဘူး။ လုပ်ရမဲ့ အလုပ်က ဧည့်ခန်းက ဆိုဖာခုံတွေအားလုံး ကို အစွပ်ချွတ်ပြီး လဲရမယ်။ **Fish beehoon** ကျွေးမှာဆိုတော့ အရည်ကို သူတို့ ချက်သွားတယ်။ မုန့်ဖတ်ကိုပြန်ပြီးတော့ ရေနွေးဆူအောင်လုပ်ပြီး ဖျော ရမယ်။ ဟင်းရွက်တွေကို ရေဆေးပြီး စစ်ထားရမယ်။ ဧည့်ခန်းနဲ့ ထမင်းစား ခန်းကို သန့်ရှင်းရေး လုပ်ရမယ်။ အိမ်ရှေ့က တမံသလင်းကို ရေဆေးပြီး သန့်ရှင်းရေးလုပ်ရမယ်။ ယုန်နှစ်ကောင် သန့်ရှင်းရေးလုပ်ရမယ်။ ဆိုဖာကို ကြိုလဲ ထားမယ်ဆိုတော့ မကြိုက်၊ ခွေးတွေရှိတော့ ညစ်ပတ်မှာကြောက်လို့တဲ့။ မနက်မှ လဲခိုင်းတယ်။ ဆိုဖာအစွပ်နဲ့ ခုံနဲ့က ကွက်တိ ဆိုတော့ ချွတ်လဲပြီး ပြန်စွပ်ရတာ တအားခက်ပါတယ်။ ဆိုဖာခုံမှာ နောက်မှီ လက်တင် ခေါင်းအုံး တစ်လုံးစီ ရှိတဲ့အတွက် အားလုံး စုစုပေါင်း ခေါင်းအုံး ဆယ်လုံး အစွပ်ပါ လဲရပါတယ်။ အိုးခွက် ပန်းကန်တွေ ဆေးရမယ်။ မီးဖိုချောင် သန့်ရှင်းရေးလုပ်ရမယ်။ အဲဒါတွေ အားလုံး မလုပ်ခင် ကျွန်မလဲ အခန်းထဲ ပြေးဝင် ဒူးထောက်ပြီး အရင်ဦးဆုံး ဘုရားသခင်ဆီမှာ ဆက်ကပ် ဆုတောင်း လိုက်ပါတယ်။

ဒီတစ်ခါလဲ ကိုယ်တော် မကယ်ရင် မလွယ်ဘူး။ အလုပ်တစ်ခုစီမှာ ကျွန်မနဲ့ အတူပါရှိပါလို့ အမြန်ဆုတောင်းပြီး တစ်ခုချင်းစီကို စိတ်အေးအေးနဲ့ လုပ်လိုက်ပါတယ်။ အံ့သြလောက်ပါတယ်။ ခက်ခဲစွာ စွပ်ရမဲ့ အစွပ်တွေဟာ ကျေးဇူးတော်ကြောင့်ဘဲ တစ်ခါတည်းနဲ့ အံဝင်ခွင်ကျ စွပ်လို့ရသွားပါတယ်။ သူတို့လဲ ပြန်လာရော အလုပ်အားလုံးဟာ ပြီးနေပါပြီ။ ဘုရားရှင် ကျွန်မနဲ့ ပါရှိလို့ဖြစ်ပါတယ်။ ဘုရားရှင်သာ ကျွန်မနဲ့ အတူ မပါရှိရင် နောက်လာမဲ့ **Chinese new year** ကိုကြောက်နေမိမှာ အမှန်ပါဘဲ။

ဘုရားသခင်ဟာ အရာခပ်သိမ်းကို တတ်စွမ်းနိုင်တဲ့ ဘုရား ဖြစ်တယ်ဆိုတာ ကေန်အမှန်ပါဘဲ။ **ဖိလိပ္ပိ ၄း၁၃။ ငါ့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသော အမှုတို့ကို ငါတတ်စွမ်းနိုင်၏။** ဒီကျမ်းပိုဒ်လေးဟာ ကျွန်မအတွက် ခွန်အား ဖြစ်စေခဲ့ပါတယ်။ ။

**( WHITE )**

(ဝန်ခံချက်။ ။ ကျွန်မဟာ အလုပ်လုပ်တဲ့အခါမှာ သူများတွေထက် စာရင် နှေးတဲ့အတွက် ဒီလို အချိန်တို အတွင်းမှာ ဒီအလုပ်တွေကို ကိုယ်တော်သာ ခွန်အား မပေးခဲ့ရင် ကျွန်မ မပြီးနိုင်ပါဘူး။ )

---

# ရုသ နှင့်ဆက်နွယ်မှုများ

ဘဝ ဆိုတာကို ရရှိလာသည့်နောက်မှာတော့ လူတိုင်းသည် မိမိ၏ လက်ရှိ အခြေအနေမှာသာ တင့်တယ်ရုံမက နောင်ဘဝအရေးကိုပင် တင့်တယ် စေရန် ဆန္ဒရှိကြပါသည်။ ဆန္ဒ ဆိုတာ လူတိုင်းမှာ ရှိကြသော်ငြား လဲ အချို့မှာ မအောင်မြင် အရှုံးနှင့်သာ ရင်ဆိုင်နစ်မြုပ်ကြရပြီး၊ အချို့မှာသာ အောင်မြင်ကြရပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာများ၏ နောက် ကွယ် တွင် လူသားတို့၏ ဆုံးဖြတ်ချက်သည် လွန်စွာမှ အရေးပါလှပါသည်။ သမ္မာကျမ်းစာ၌ ရုသ၏ အသက်တာသည် စိန်ခေါ်မှု မြောက်များစွာနှင့် ယှဉ်တွဲလျှက်ရှိသည်။ ထိုနည်းတူ သင်ခန်းစာ ယူစရာတို့လည်း ပါရှိလေသည်။ ရုသ ၏ မိဘများနှင့် ဓလေ့ စရိုက်များကို သမ္မာကျမ်းစာတွင် မတွေ့ရသော် လည်း အနီးစပ်ဆုံး သမ္မာကျမ်းတွင် ဖော်ပြထားသည်မှာ ရုသ သည် မောဘ လူမျိုးဖြစ်သည်။ ရုသ ၁း၄ ။

၁) လောတမှ ဆင်းသက်လာသော မောဘ လူမျိုး – က ၁၉း၃၇။
၂) အခြား ဘာသာဝင် ဖြစ်ခြင်း – ၄ရာ ၂၃း၁၃ ၊
၃) ကျိန်ခြင်းကို ခံရသော လူမျိုး
၄) ဘုရားလူမျိုးကို ပြစ်မှားစေသော အမျိုး –တော ၂၅း၁–၂။
၅) ရှောလမုန် ဘုရင် ကိုပင် ထာဝရဘုရားမှ လမ်းလွဲစေသောအမျိုး– ၃ရာ ၁၁း၇၊၃၃။
၆) ယဉ်ကျေးမှုကို မသိသော လူမျိုး – တရား ၂း၂၅–၃၀။ စသဖြင့် မြောက်များစွာ တွေ့ရပါသည်။ ထိုအရာထဲမှနေ၍ ရုသ သည် ယေရှု ခရစ်တော်၏ ဆွေတော်စင် မျိုးတော်ဆက် များမှာပင် နွယ်ငင် လာခြင်း က ကြံစည်၍ပင် မဖြစ်နိုင်သော အခြေအနေပင် မဟုတ်ပါလား။ မည်ကဲ့ သို့ပင် ရှိစေကာမူ လူတို့၏စိတ်ကို အစဉ်ကြည့်ရှုတော်မူသော ဘုရား မြတ် သည် ရုသ ၏ ဘဝအား သမိုင်းတွင်စေခဲ့ပါသည်။

ရုသ ၏ အခြားလူသိ များသော ဂုဏ်ရည်တို့မှာကား –

၁) အလုပ် ကြိုးစားခြင်း (ရုသ ၂း၆၊၇၊၂၃)
၂) နာခံမှု ရှိခြင်း (ရုသ ၃း၅)
၃) အကျင့်သီလနှင့် ပြည့်စုံခြင်း (ရုသ ၃း၁၁) စသဖြင့် တွေ့ရှိရပါသေးသည်။

ထိုအရာများမှအပ ရုသ အသက်တာ၌ အားကျ ခွန်အားယူစရာတစ်ခုမှာ အသက်ရှင်သော ဘုရားအား ဆာငတ်တောင့်တခြင်းပင်ဖြစ်သည်။ ကျမ်းစာ၌ တိုက်ရိုက် မဖော်ပြသော်ငြားလဲ သူ့မိခင် ယောက္ခမ နောမိ က လမ်းခွဲ၍ ကျန်ရစ်ခဲ့ရန် ပြောသော အခါတွင် "ကိုယ်တော် ဘုရားသည် ကျွန်မ၏ ဘုရား ဖြစ်ပါစေ" ရုသ ၁း၁၆။ ဟူသော စာတန်း စကားလေးအရ သူ၏ ဝိညာဉ် ရေးရာ ဆာငတ်မွတ်သိပ်ခြင်းကို တွေ့မြင်နိုင်ပါသည်။

ထိုအချင်းအရာကို မြင်သော ဘုရားရှင်က – **အကြောင်းမူကား တောင့်တ သော ဝိညာဉ်ကိုရောင့်ရဲစေ၍ မွတ်သိပ်သော ဝိညာဉ်ကိုလဲ ကောင်းသော အရာနှင့် ဝ စေတော်မူ၏** ဆိုသော ကျမ်းစကားမှ ကတိတော်နှင့်အညီ ရုသ အား ချီးမြှောက်ခဲ့ခြင်းဖြစ်ပါသည်။ ယောက်ျားသားများဖြစ်ကြသော ယောက္ခမ လေိမလက်နှင့် သူ၏ ခင်ပွန်းလဲ ဆုံးပါးသွားလေပြီ။ အသက်ရှင်လျှက် ရှိနေသော ယောက္ခမ နောမိမှာလည်း ခြေသလုံးအိမ်တိုင် ဘဝ မို့ ဘုရားရှင်ကိုသာ ယုံကြည်ကိုးစားမှု မရှိပါက ယနေ့ အများစု ခရစ်ယာန်များကဲ့သို့ပင် စွန့်လွှတ် စွန့်စားရဲမည်မဟုတ်ပေ။ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို အစဉ် ရှေ့ရှုသော ရုသ အား ထာဝရဘုရားသည် သူ့အတွက် ထာဝရ အာမခံချက်ကို ပေးရုံသာမက တစ်ဘဝ အာမခံချက်အတွက်လည်း ခင်ပွန်းကောင်း ၊ အိမ်ယာ စည်းစိမ်နှင့် လူပုံအလယ်တွင် တင့်တယ်စေခြင်း အခွင့်ကို ပေးခဲ့လေသည်။ ( မဿဲ ၆း၃၃)

ယောကျ်ား ရင့်မကြီးများပင်လျှင် ဘုရားရှင်အတွက် တစ်ခါတစ်ရံ မိမိ၏ အလိုကို ငြင်းပယ်၍ နာခံရန် ခက်ခဲကြသည်ဆိုလျှင် ရှသ လိုမိန်းမ မျိုး၏ သတ္တိကား အဘယ်မှာ ရခဲ့လေသနည်း။

ဟေရှာယ ၄၉း၁၅ တွင် နို့စို့သူငယ်ကို မိခင်က စွန့်နိုင် မေ့နိုင် သော်ငြားလည်း မေ့လျော့တော်မမူတတ်သော ထာဝရ ဘုရားကြောင့် ပင် မဟုတ်ပါလား။ ဘုရားရှင်သည် လိမ်ညာခြင်းကင်းစင်၍ ကတိအတိုင်း ပြုတော်မူသည်မှာ ယနေ့ခေတ်မှ ယုံကြည်သူ သားသမီးများ အားလုံး အသိ ပင်ဖြစ်ပါသည်။

စာရေးသူသာ ရှသ ဖြစ်ခဲ့မည်ဆိုလျှင် မည်သို့ လုပ်မည်ကို မသိ သော်လည်း ၁၉၉၉ ခုနှစ်က ရှသ လိုအဖြစ်မျိုးကြုံလာရချိန်တွင် ဆုတောင်း အဖြေရှာရင်း "ဘုရားရှင်ရယ် ကျွန်တော်သာ ချင်း၊ ကချင် (သို့) ကရင်လူမျိုး တစ်မျိုးမျိုး ဖြစ်ခဲ့ရင် ဒီလိုဖြစ်လာမှာ မဟုတ်ဘူး"လို့ စောဒက တက်ခဲ့ဖူး ပါသည်။ သို့ပေမဲ့ အရာရာကို သိမြင်တဲ့ ဘုရားရှင်ရဲ့ အကြံအစည်တော်ဟာ ကျွန်ုပ်တို့အားလုံးအတွက် နောက်ဆုံးမှာ အကောင်းတွေဖြစ်လာမယ်ဆိုတာ ကိုယ်တွေ့ပါဘဲ။ ယေ ၂၉း၁၁၊ ရော ၈း၂၈။ ဖြူတာ မည်းတာ နှင့် အမျိုး ယုတ်တာ ဘုရားရှေ့မှာ မရှိပါ။ အသက်ရှင်သော ဘုရားစကားကို နာခံသော သူတွေအဖို့ ဘုရားသခင်ရဲ့ ကတိတော်တွေက ဖြည့်ဆည်းပေးရန် အဆင်သင့် ရှိနေပါသည်။

လူမှန်လျှင် ဒုက္ခနဲ့ မကင်းကြပေမဲ့ အသက်ရှင်တဲ့ ဘုရားကို ယုံ ကြည်လာကြသူတိုင်း အတွက် ဒုက္ခက ဘဝအောင်မြင်ရေးအတွက် လှေကား ထစ်လေးတွေ ဖြစ်စေဖို့ ဆုတောင်းရခြင်းက အစွမ်းထက်တဲ့ လက်နက် တစ်ခု ပါ။ ကျွန်ုပ်တို့ ဒုက္ခကို ရင်ဆိုင်ရသလို ရှသ လည်း ရင်ဆိုင်ခဲ့ရရှာပါသည်။ ရင်ဆိုင် ခဲ့ရသော်ငြားလည်း ထိုဒုက္ခအတွင်းမှ သူ၏ ယုံကြည်နာခံမှုနှင့် ဘုရားရှင်၏ ကျေးဇူးကရုဏာတော်တို့ကြောင့် ထိုအမှုခပ်သိမ်းတို့ကို ခံစဉ် တွင်ပင် အထူးသဖြင့်အောင်မြင်လေ၏။ ရော ၈း၃၇။

ယနေ့ စာတွေ့ ၊ လက်တွေ့၊ မျက်တွေ့များ အားဖြင့် ဘုရားရှင်က အယောက်စီတိုင်းကို သူ၏ အသက်ရှင်ခြင်း၊ ကောင်းမြတ်ခြင်း၊ ကတိ တည် တော်မူခြင်း၊ စောင့်ထိန်းကွယ်ကာခြင်းတို့ကို ပြောကြား အသိပေးလျက် ရှိပါ သည်။ ထို့ကြောင့်အရာရာတွင် ထိုအရှင်၏ စကားတော် အတိုင်း နာခံခြင်း ဖြင့် လျှောက်လှမ်းဖို့ဆုံးဖြတ်ချက်ကို ချကြ ပါစို့လို့ တိုက်တွန်း နှိုးဆော်ရင်း ... နာမတော်မြတ်၌ **( Samuel Soe Lwin )**

---

## အစ်ကို

လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်စုကျော်က အဖေ့ပေါင်ပေါ်မှာ ထိုင်ရင်း အဖေ အရက်သောက်တာကို ငေးကြည့်ခဲ့ဖူးပါတယ်။ အဲဒီအချိန်က ငေး ကြည့်စရာ အခြားမိသားစုဝင်များရဲ့ မျက်နှာ မရှိတဲ့အတွက် အဖေ့နားမှာဘဲ အဖေ့ကို ဖားပုံလေးတစ်ကောင်လို တွယ်ကပ်နေခဲ့ရာက ရုတ်တရက်ကြီး အဖေ ဆုံးသွားတော့ ...

အလယ်တန်းကျောင်းသူအရွယ် ရောက်လာတဲ့အချိန်မှာ အဖေ့ရဲ့ သူငယ်ချင်း တစ်ယောက်က "မင်းဆီမှာ အစ်ကို ရှိတာ မသိဘူးလား"တဲ့ ။ "မင်းအစ်ကိုက ထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်တာ ကြာပြီ"တဲ့။ "နေလင်း မျက်နှာက မင်းအဖေနဲ့ တစ်ပုံစံတည်း"တဲ့။ အစ်ကို – အစ်ကို ငါ့မှာ အစ်ကို ရှိတယ်။ အဲဒီအစ်ကိုရှိတာ သိခဲ့ရတဲ့အချိန်မှာ အသက်က အရမ်း ငယ်သေးတော့ အစ်ကို့နောက် လိုက်သွားဖို့ဆိုတာ ညစဉ်မက်တဲ့ အိမ်မက် ကနေ အဆင့်တိုးတက် မလာခဲ့ပါဘူး။ အသက် ၁၅ နှစ်လောက်မှာ ဘုရား သခင်ရဲ့ ကောင်းမြတ်ခြင်းများကို သိရှိခွင့်ရလာခဲ့ပါပြီ။ ဟာလေလုယာ။

ကျွန်မရဲ့ အစ်ကိုကို တွေ့ခွင့်ရဖို့ဆိုတာ ထာဝရအဖက လွဲရင် ကူညီနိုင်မဲ့သူ မရှိဘူး။ ဒီတော့ ဘုရားကို အဖော်ပြုလို့ အစ်ကို ရှာပုံ တော်ဖွင့်ခဲ့ပြီပေါ့။ ကျေးဇူးတော်ကြောင့် ထိုင်းနိုင်ငံ ဆင်းရဲသား ရပ်ကွက်တစ်ခု မှာ အစ်ကို ကိုနေလင်းကို ပြန်ရှာတွေ့ခဲ့ပါတယ်။ ဒီခရီးစဉ် စကတည်းက ဘုရားလက်ထဲ အပ်နှံထားတာမို့ မှားယွင်းစရာအကြောင်း လုံးဝမရှိခဲ့ပါဘူး။ အစ်ကို့ကို စတွေ့တော့ ကျောခိုင်းလျက် အနေအထား။ ကျွန်မလဲ အရဲစွန့်ပြီး "ဦးနေလင်း ဟုတ်ပါတယ်နော်" လို့ မြန်မာလိုမေးလိုက်ခြင်းကြောင့် သူအံ့သြ ပြီး လှည့်ကြည့်ပါတယ်၊

ကျွန်မ ဝိုးတဝါး မှတ်မိနေတဲ့ အဖေ့ရဲ့မျက်နှာနဲ့ ချွတ်စွတ်ပါဘဲ။ မျက်နှာပြင်ပေါ်မှာ နှုတ်ခမ်းမွေး များစွာနေရာယူထားတာကလွဲရင် သူဟာ အဖေ ပါဘဲ။ ကျွန်မလဲ ထပ်ပြီး မေးလိုက်ပါတယ်။ "ဦးနေလင်း ဟုတ်ပါ တယ်နော်"လို့ဆိုတော့ သူက "မင်းဘယ်သူ့သမီးလဲ"တဲ့၊ သူကျွန်မကို မသိ ပါ။ ဘာ့ကြောင့်လဲဆိုတော့ သူထိုင်းနိုင်ငံကို ထွက်သွားပြီးမှ ကျွန်မကို မွေးခဲ့ တာကိုး၊ မောင်နှမ နှစ်ယောက်ဟာ အသက်အားဖြင့် အနှစ်၂၀ လောက်ကွာနေပြီး လုံးဝ မယုံနိုင်စရာအဖြစ် အပျက်ပါဘဲ။ ဘုရားသခင်ရဲ့ ကျေးဇူးကရုဏာတော်ကြောင့် ဘဲ၊ ကျွန်မလဲ ဟန်မဆောင်နိုင်တော့ဘူး။ သူ့ကိုပြေးဖက်ပြီး "အဖေ့ သမီးလေ"လို့ပြောတော့ "ကိုကြီး မှတ်မိပြီ အဖေ မဆုံးခင်က စာရေးပြောတာ မင်း ညီမလေး ရပြီ နာမည်က အနီ တဲ့ဟုတ် လား။ အနီလေးလား" ကျွန်မ မျက်နှာကို သူ့လက်ဖဝါးကြမ်းကြီးနဲ့ ညှပ်ကိုင် ပြီးမေးပါတယ်။ သူ့ရဲ့အမေးတွေကိုခေါင်းညိတ်ဖြေရင်း သူ့ရဲ့ နှုတ်ခမ်းမွေး မုတ် ဆိတ်မွေးများ၊ အဆီပြန်အသားအရေများနဲ့ နေလောင်ထားတဲ့ မျက်နှာကို အားကိုးတကြီး ငေးကြည့်ခဲ့ဖူးပါတယ်။

"အစ်ကို့ကို ဘယ်လို လိုက်ရှာခဲ့သလဲ ၊ သတ္တိရှိတဲ့ ညီမလေး၊ အစ်ကို ကတော့ အသုံးမကျဘူး" ဆိုပြီး ဘာညာကွိကွပြောမဆုံးဘဲ ပွေ့ဖက် ထားတဲ့ ကျွန်မကို ပြန်လွှတ်ပေးဖို့မေ့နေတယ်ထင်ရဲ့။

အစ်ကို့အိမ်မှာ တစ်ပါတ်လောက်နေတော့ မနေချင်တော့ပါဘူး။ ယုံကြည် ကိုးကွယ်မှုချင်းမတူတဲ့ အတွက် အစ်ကို့ကို သက်သေခံတော့ အစ်ကို က "ရှင်ကြီး ဝမ်းထဲ ဝင်ခဲ့ပြီးပြီ၊ ရှင်ငယ် ဝမ်းထဲလဲ ဝင်ခဲ့ပြီးပြီ၊ နံလို့ ပြန်ထွက်လာတာ"လို့ ပြုံးစစနဲ့ပြောပါတယ်။ ကျွန်မကလဲ "အစ်ကိုက ရှင်ကြီးနဲ့ ရှင်ငယ်ဝမ်းထဲ ဝင်ခဲ့ဖူးပေမဲ့ ခရစ်တော် ဝမ်းထဲမှ မဝင်ခဲ့ဖူး တာကိုး" လို့ပြန်ပြောလိုက်ပါတယ်။ ကျွန်မ ရှေ့ဆက်လျှောက်ရမဲ့ လမ်း အတွက် အစ်ကို နေလင်းနဲ့အတူ သွားလို့ မရတော့ပါ။

အစ်ကိုနဲ့ သူ့မိသားစုကို ထားရစ်ခဲ့ပြီး ရန်ကုန်ပြန်လာခဲ့ပါတယ်။ ကန်တော်ကြီးဘေးက ဆိုင်တစ်ဆိုင်မှာထိုင်ရင်း အင်းစိန်က သူငယ်ချင်း ပေး လိုက်တဲ့ ခရစ်ယာန် ဓမ္မ မဂ္ဂဇင်းလေးကို ထုတ်ဖတ်လိုက်ချိန်မှာ ...

တမလွန်အထိ လိုက်ကြည့်စရာမလိုတဲ့ အဖေ့ရဲ့ မျက်နှာ၊ ထိုင်း နိုင်ငံအထိ သွားကြည့်စရာမလိုတဲ့ အစ်ကို့ရဲ့ မျက်နှာ၊ ဒီမျက်နှာတွေနဲ့ တူတဲ့ မျက်နှာတစ်ခုကို မဂ္ဂဇင်းစာအုပ်ထဲမှာ တွေ့လိုက်ရပါတယ်။ ကျွန်မ ကြိုးစား မေ့ဖျောက်ထားတဲ့ ရောဂါက ပြန်ထလာပါပြီ။

အဲဒါကတော့ သမ္မာကျမ်းစာထဲက အဖြစ်အပျက်လေးတစ်ခုပါ။ မာရိ မာသ လာဇရု ဆိုတဲ့ မောင်နှမ သုံးယောက်ကို အစ်ကို တစ်ယောက်လို မြတ်မြတ်နိုးနိုး ချစ်နေတဲ့ သူဟာ ဘုရားသခင်ရဲ့ သားတော် ယေရှု ခရစ်တော် ပါလား။ လာဇရု ဆိုတဲ့ လူ သေသွားပြီးတဲ့နောက်မှာ မျက်ရည် ကျလောက်တဲ့ အထိ ချစ်မြတ်နိုးခဲ့တဲ့ အစ်ကို တစ်ယောက်ရဲ့ မေတ္တာကို တွေ့လိုက်ရပါတယ်။

နောက် ကျမ်းတစ်ပုဒ် ထဲမှာတော့ တပည့်တော်တွေက သခင် ယေရှုကို "သခင် ကိုယ်တော့်ရဲ့ မိခင် ညီအစ်ကို မောင်နှမတွေ အပြင်မှာ ရောက်နေတယ် လာတွေ့ပါ " လို့ပြောတဲ့အခါ သခင်က ငါ့မည်းတော်၏ အလိုတော်ကို ဆောင်သောသူသည် ငါ့ညီ ငါ့အမိ ငါ့နှမ ဖြစ်တယ်လို့ ပြန်ပြော ခဲ့ပါတယ်။ ( ရှင်မဿဲ ၁၂ း ၄၆–၅၀ )

အစ်ကို ငတ်နေတဲ့ ကျွန်မဟာ ရေငတ်တုံး ရေတွင်းထဲ ကျသွား ပါတယ်။ ထာဝရ မေတ္တာတော်နဲ့ ချစ်မဲ့ အစ်ကို တစ်ယောက် ရဲ့ နွေးထွေးတဲ့ မေတ္တာတော်ကို သခင်ယေရှုခရစ် ထံတော်ပါးက ရနိုင်တယ် ဆိုတာ သိလိုက် ရလို့ပေါ့။ ။ **ပန်းနီနီ ( ကရားနီ )**

ooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

## အမွေးရှယ်မြေစေဒီ ( ဒေါ်စန်းစန်းမြင့် )

ချစ်ခင်တွယ်တာ ရသူတွေကတော့ အခုအချိန်မှာ ဆိုရင် လေဆိပ် ကနေ မြို့ထဲကို ထွက်ခွာမဲ့ မြို့ပါတ်ရထားပေါ် ရောက်နေလောက်ပါပြီ။ ကျွန်မ မှာသာ ခရီးသွားများ စောင့်ဆိုင်းနားနေခန်းရဲ့ ထိုင်ခုံတစ်လုံးပေါ်မှာ ငေါင် စင်းစင်း ဖြစ်နေဆဲပေါ့။ ရင်ထဲမှာ လစ်ဟာနေသလိုပါဘဲ။ မှန်တံခါးချပ် အဝင်ဝ ကိုကျောခိုင်းနေစဉ်အခိုက်မှာ မျက်ဝန်းအစုံက မျက်ရည်စတွေ ပြိုကျလာခဲ့ပြန် ပါပြီ။ လှမ်းမြင်ရအုံးမှာ အသေအချာလို့ သိနေပေမဲ့ ပြန်လည်ပြုံးပြ နှုတ်ဆက် နိုင်စွမ်း တစိုးတစေ့မျှတောင် မရှိတော့ပါဘူး။

"မမေကြီး ပြန်ပြီး လက်ပြလိုက်လေ" ဆယ်နှစ် အရွယ်သာ ရှိသေးတဲ့ သားငယ်ဟာ အားမလို အားမရနဲ့ မော့ကြည့်ပြီး ပြောလာခဲ့တာကြောင့် ကျွန်မဟာ ဝေဝါးဝါးနဲ့ လှမ်းမျှော်ကြည့်ပြီး ယောင်ချာချာ လက်တွေ့ ယမ်းပြရင်း သူတို့တွေရဲ့ မြင်ကွင်းကွယ်ရာဘက်ဆီကို ခြေလှမ်းကျဲကျဲနဲ့ ထွက်လာခဲ့ မိပါတယ်။ ကျွန်မရဲ့ မျက်ရည်စတွေကို မမြင်စေလိုပါဘူး။

ဒါပေမဲ့ ရင်ထဲမှာ မငြိမ်မသက်ဖြစ်နေဆဲမို့ ထိုင်နေရာကနေ ထလိုက်မိတယ်။ ခပ်လှမ်းလှမ်း နံရံမှာ ချိတ်ဆွဲထားတဲ့ အခမဲ့ ဖုန်းဆီကို လှမ်းလာခဲ့မိတယ်။ ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် လှမ်းခေါ်ပြီးတော့ အမှာစကားတွေ ပြောနေမိတယ်။ သူတို့ဟာ လေဆိပ်ခန်းမထဲမှာ ကျွန်မနဲ့အတူ နှစ်နာရီကြာမျှ ရှိခဲ့ပြီးပေမဲ့ ကျွန်မမှာ မကျေနပ်နိုင်သေးပါဘူး။ လိုက်လံပို့ဆောင်ခွင့် ရသူတွေရော မရသူတွေကိုပါ လှမ်းဆွတ်နေဆဲပေါ့။ ခွဲခွာရခြင်းရဲ့ အချိန် အတိုင်းအတာတစ်ခုမှာ ဘယ်လောက် ခံစားရခက်မယ်ဆိုတာ ချစ်တတ်တဲ့ သူတိုင်းက သိပါတယ်လေ။ ကျန်နေရစ်တဲ့သူတွေက လူများစုမို့ ဖြေသာ ပါတယ်။ ခွဲခွာသွားရမဲ့ ကျွန်မမှာသာ ...

ဒီအချိန်မှာဘဲ တတွတ်တွတ် စကားပြောနေမိတဲ့ ကျွန်မကို အသာအယာလေး သတိပေး နှိုးဆော်လိုက်တာကတော့ "အစ်မရယ် စိတ်မကောင်းမဖြစ်ပါနဲ့ အစ်မနဲ့အတူ မိသားစု အားလုံးရှိနေတယ်လေ" တဲ့။ အိုး မှန်လိုက်တာနော်၊ ကျွန်မ အနားမှာ ခင်ပွန်းနဲ့ သားနှစ်ဦးက ရှိနေပါကလား။ မိသားစု အတူတကွ နေထိုင်သွားလာရခြင်း ဆိုတဲ့ ကောင်းကြီးမင်္ဂလာဟာ အလွန်ကြီးမားတဲ့ ကောင်းကြီးမင်္ဂလာပါလား။ မိသားစုကို ကျွန်မ မေ့လျော့ထားမိခဲ့တယ်။ ရှိနေတဲ့ အခြေအနေကို ချီးမွမ်းဖို့ ပေါ့ဆမေ့လျော့တတ်ပြီး လက်လွှတ်လိုက်ရတဲ့ အခြေအနေအတွက် အဆွေးကြီး ဆွေးနေမိတာဟာ မဟာ အမှားပေါ့။

လွမ်းဆွေးအားငယ်ခြင်းတွေကိုသာ ဖြည့်ဆည်း နေရာယူထားရတဲ့ ကျွန်မရဲ့ နှလုံးသားမှာ ဘုရားရှင်ရဲ့ ကောင်းမြတ်ခြင်းတွေကို ဖော်ထုတ်ရေတွက်ဖို့ နေရာလပ် မကျန်အောင် ဖြစ်သွားခဲ့မိတယ်။

ကျမ်းစာကပြောတယ်။ ငါ့ သား သင့်နှလုံးကို စောင့်ရှောက်လော့။ တဲ့ ကျွန်မ အတွက်တော့ ငါ့သမီး သင့်နှလုံးကို စောင့်ရှောက်လော့လို့ ပြောမယ်။ နှလုံးသားကို ချိန်ခဲ့စေတဲ့ အတွေးတွေကို ရှောင်ခွာပါမှ ကျွန်မကို ဘုရားရှင် နှစ်သက်မှာပါ။ ဒါ့ကြောင့် ကျွန်မဟာ ဘုရားရှင် ပြုပေးခဲ့တဲ့ အမှုတွေ၊ ပြုပေးနေဆဲ အမှုတွေနဲ့ ပြုပေးအုံးမဲ့ ကောင်းမြတ်ခြင်းတွေကို ချီးမွမ်းရေတွက် နေရပါပြီရှင်။ ပြန်လည် အသိပေး နှိုးဆော်ခဲ့တဲ့ ညီမရဲ့ စကားကိုလဲ ထာဝရ အမှတ်ရ နေတော့မှာပါ။ ။ **ဒေါ်စန်းစန်းမြင့်**

(၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၁၀ရက် နေ့သို့ အမှတ်တရ ) –

# သမီးသို့ ဒီတစ်ခွင့်ပေးချ

နှုတ်နဲ့ပြောနေကျ စကားတွေ ဖြစ်ကောင်းဖြစ်ပေမဲ့ အဖေနဲ့ သမီး အခုလို ဝေးတမြေစီ ဖြစ်နေတဲ့အခါ စာတတန် ပေတတန် ဖွဲ့ ရေးလိုက်ရလို့ ကြီးကြီးကျယ်ကျယ် ဖြစ်နေမလားဘဲ။ အဖေ ပြောချင်တဲ့ စကားတွေဟာ သမီးကို အဖေက သွန်သင်ဆုံးမတဲ့သဘော မဟုတ်ဘဲ၊ ပုံမှန် သာမာန် ပြောနေကျ ဆိုနေကျ စကားတွေကို စာနဲ့ ရေးလိုက်ရတာပါဘဲ။ တစ်ခုတော့ ရှိတာပေါ့၊ "နှုတ်တစ်ရာ စာတစ်လုံး" ဆိုသလို သမီးအတွက် တစ်သက်တာ သတိရစေမဲ့ စာလေးဖြစ်သွားရင် အဖေ ရေးပျော်ပါတယ်။

၂၀၀၆ ခုနှစ် တစ်နှစ်လုံး ခရစ္စမတ် အချိန်ရောက်တဲ့အထိ ပို့ဆောင်နေသော အဖဘုရားသခင်ရဲ့ ကျေးဇူးကရုဏာတော်များ အချင်းချင်း မေတ္တာပြ ကူညီမစခဲ့ကြတဲ့ ကျေးဇူးတရားတွေကို အချိန်တိုင်း နာရီတိုင်း စိတ်အစဉ်မှာ နှလုံးသွင်းဆင်ခြင် နိုင်ဖို့ "အချိန်ရဲ့တန်ဘိုး" အကြောင်း ကိုဘဲ ပြောချင်ပါတယ်။ "အချိန်ဆိုတာ ဆွဲထားလို့ မရနိုင်ဘူး။ ဒီရေဆိုတာ တားဆီးလို့ မရနိုင်ဘူး။ " ဆိုလား သီချင်းတစ်ပုဒ်ရဲ့ စာသားလေးကို အဖေ မှတ်မိနေတယ်။

မမကြီးရယ်၊ သမီးရယ်၊ မောင်လေးရယ် အဖေတို့မှာ သားသမီး သုံးယောက်ကို လူလားမြောက်အောင် အမေနဲ့ အတူပေါ့လေ၊ ပြုစုပျိုးထောင်ပေးရတဲ့ အချိန်ကာလ တွေကို အဖေ သတိရနေမိတယ်။ အထူးသဖြင့် အဖေနဲ့ အမေတို့ရဲ့ ယုံကြည်ခြင်းအမွေကို သမီးတို့ သုံးယောက်စလုံး ရစေချင်တဲ့ဆန္ဒဟာ အဖေနဲ့ အမေတို့ရဲ့ မဟာ အဓိက ရည်မှန်းချက်ကြီးပါဘဲ။

အဖေတို့ လူငယ်ဘဝမှာတုံးက ဘာသာရေးသင်တန်းတွေမှာ နာယူခဲ့ရတဲ့ အတိုင်း သားသမီးတွေက အချိန်သုံးပိုင်း နဲ့ မိဘတွေအပေါ် အမြင်သုံးမျိုး မြင်တတ်ကြတယ်။



**1) They know everything.**
**2) They know something**
**3) They know nothing.**

သားသမီးတွေက မိဘဆိုတာ –

၁) ဘာမဆို အကုန် သိတယ်လို့ ငယ်ငယ်တုံးက ယုံကြည်ထားတတ်ကြတယ်။

၁) တစ်ချို့အရာတွေကိုဘဲ သိတော့တယ် လို့ နည်းနည်းကြီး လာတဲ့ အချိန် မှာ ထင်တတ်ကြတယ်။

၂) ဘာဆိုဘာမှ မသိတော့ဘူး လို့ သူတို့ အရွယ်ရောက်လာချိန်မှာ ထင်တတ်ကြတယ်။

အဲဒီလို မိဘကို လုံးဝ အထင်မကြီးကြတော့တဲ့အချိန်မှာ သားသမီးကို မိဘက ဆုံးမ သွန်သင်လို့ မရတော့ဘူးတဲ့။ အဲဒီ သဘောတရား ကာလ အပိုင်းအခြား လေးနဲ့ သမီးတို့ သုံးယောက်ကို အဖေနဲ့ အမေ အချိန်ပေးပြီး ကိုင်တွယ် ခဲ့ကြတယ် ဆိုပါတော့။ အခုလို အဖေနဲ့ အမေ ဇရာပိုင်း ရောက်လာတော့ သားတို့ သမီးတို့ လောကအလယ်မှာ တင့်တင့်တယ်တယ်ရှိကြတာကို မြင်တွေ့နေ ရလို့ အဖေတို့ အမေတို့ ပီတိဖြစ်နေကြတာ အမှန်ပါဘဲ။

မြန်မာနိုင်ငံမှာ အသက် ၁၈ နှစ်ပြည့်ပြီဆိုရင် ဥပဒေအရ မဲပေးပိုင်ခွင့် ရှိတယ်။ အလုပ်အကိုင်များမှာ တရားဝင်လုပ်ကိုင်ခွင့် ရသွား တယ်။ လူကြီး စာရင်း ဝင်သွားတယ်ပေါ့။ အဲဒါကြောင့် သမီးတို့ အသက် ၂၀ ပြည့်ကြ တဲ့ မွေးနေ့တွေမှာ အဖေပြောခဲ့တာ မှတ်မိမယ်ထင်တယ်။ "လူကြီးတွေ ဖြစ်သွားတဲ့အတွက် အဖေတို့က ကောင်းတယ် ဆိုးတယ် မပြောတော့ဘူး၊ ကိုယ့်အရေးကိစ္စ မှန်သမျှကို ကိုယ်တိုင် ဆုံးဖြတ် ဆောင်ရွက်ကြ" ဆိုပြီး သမီးတို့ကို ကိုယ်ပိုင် လွတ်လပ်ခွင့်တွေ ပေးခဲ့တယ်။ အခုဆို သမီးတို့ကိုယ်တိုင် အိမ်ထောင်ရှင်တွေ၊ မိဘတွေ ဖြစ်လာကြပြီမို့ အဖေတို့အမေတို့က သမီးတို့ကို ယုံကြည်ခြင်း အမွေပေးခဲ့သလို သမီးတို့လဲ အချိန်နဲ့ တပြေးညီ မိမိတို့ရဲ့ သား သမီးများကို အချိန်ပေး လက်ဆင့်ကမ်းကြပေတော့လို့ဘဲ ဒီခရစ္စမတ် အချိန် အခါမှာ အဖေ အမှာစကား လက်ဆောင်ပါးလိုက်ပါတယ်။

အသင်းတော်နဲ့ ပါတ်သက်ပြီးတော့လဲ သမီးက အတော်အသင့် ပါဝင် အစေခံနေတယ်ဆိုတော့ အဖေ့ရဲ့ လက်တွေ့ "အချိန်"နဲ့ ပါတ်သက် တွေ့ကြုံ ခဲ့ရတာလေးတွေကို ပြောပြချင်ပါတယ်။

အဖေတို့ လူငယ်ကြိုးစားခြင်းအသင်း ခေါင်းဆောင် ဖြစ်စ က အရွယ်အို သင်းအုပ် ဆရာကြီးကို ပထမ မှီတယ်။ ဆရာကြီးက အချိန်ကို သိပ် အမှတ် မ ထားနိုင်တော့ဘူး။ တစ်ခါတစ်ခါ သူတရားဟောရင်း အချိန် အရမ်းလွန် သွား ပြီးမှ ပရိတ်သတ်ကိုတောင်းပန်ပြီး "ဒီနေ့တော့ ဒီလောက်ဆို တော် လောက် ပါပြီ"ဆိုပြီး ဝတ်ပြုစည်းဝေး သိမ်းလိုက်ရတယ်။ တစ်ခါတစ်ခါ ပရိတ်သတ်ထဲက တစ်ယောက်ယောက် က "ဆရာကြီး အချိန် အချိန် " ဆို ပြီး သတိ ပေးတဲ့အခါ ဆရာကြီးက " အေးဗျာ အဲဒီလိုလဲ ကျုပ်ကို သတိပေး ကြဗျို့" ဆိုပြီး ဝတ်ပြုစည်းဝေးသိမ်းရတယ်။ တဖြည်းဖြည်းနဲ့ ဝတ်ပြုစည်းဝေး တွေမှာ လူနည်းသွားတာ သိပ်သိသာတာဘဲ၊ နောက် လူလတ် ဆရာကြီး တစ်ဦး အသင်းတော်ကို ရောက်လာတယ်။ အဲဒီဆရာကြီးက အချိန်ကို သိပ် လေးစားတယ်။ တရားဒေသနာ ဟောရာမှာလဲ အသေအချာ ပြင်ဆင်ပြီး အချက် အလက်ကို မှတ်သားနာယူ လွယ်အောင် တစ်အချက်၊ နှစ် အချက်ဆိုပြီး နံပါတ်စဉ်နဲ့ ၁၅ မိနစ်၊ မိနစ် နှစ်ဆယ်လောက်နဲ့ တရား ဟောချက် ပြည့်စုံတယ်။ သတ်မှတ်တဲ့အချိန်ကို အတိအကျ စတယ်။ အဖေတို့ အပါတ်စဉ် ဝတ်ပြုချိန် နံနက် ၉း၁၅ နာရီဆိုတော့ အလွန်ဆုံး နံနက် ၁၀နာရီ ခွဲဆို အဆုံးသတ်တယ်။ အဲဒီအတိုင်း ဒီနေ့အထိ ကျင့်သုံးတဲ့အတွက် ဒီနေ့ ဒီအချိန် အဖေတို့ အသင်းတော်ရဲ့ အပါတ်စဉ် ဝတ်ပြုစည်းဝေးတိုင်း လူတွေ နေရာမဆံ့အောင် များတာ၊ အချိန်ကို လေးစားလို့ဆိုတာ လူတိုင်း ပြော ကြတယ်။

အချိန်နဲ့ ပါတ်သက်ပြီး အဖေ အစိုးရ အလုပ်လုပ်တုံးက ခရစ်ယာန် အလုပ်သမား နှစ်ဦးနဲ့ ပါတ်သက်ပြီး ကြုံရတဲ့ ခရစ်ယာန် ဈာပန နှစ်ခုအာ

ကြောင်း ရေးပြရင်း နိဂုံးချုပ်ချင်တယ်။ ပထမ တစ်ခုမှာ အဖေ့မိတ်ဆွေ ခရစ်ယာန် မဟုတ်တဲ့ အင်ဂျင်နီယာတွေက ခရစ်ယာန်ဈာပနကို သူတို့ တစ်ခါမှ မကြုံဘူးလို့ အဖေနဲ့ လိုက်မယ်ဆိုပြီး လိုက်လာကြတယ်။ ၁၁နာရီနဲ့ ၁၂နာရီ ထမင်းစားလွှတ်ချိန်မှာ ထမင်း မစားကြသေးဘဲ အသုဘ ၁၂ နာရီ အမီ အရောက်သွားကြတယ်။ အဖေ့ကို ဈာပနက အချိန်ကြာသလားလို့မေး ကြတော့ အဖေက သိပ်မကြာပါဘူး ဆိုပြီး ပြောမိကာမှ ဈာပနမှာ တရား ဟော ဆရာက သိပ်တရားမရှည်ဘူး။ အဲ – သဘာပတိ လုပ်တဲ့ အမျိုး သမီးက ဆရာဟောတဲ့ တရား အစအဆုံးကိုလဲ သူပြန်ပြောတယ်။ သူက သပ်သပ် တရားတစ်ပုဒ် ထပ်ဟောလိုက်တာ ညနေ သုံးနာရီ ထိုးသွားတယ်။ သင်္ချိုင်းကိစ္စနဲ့ သွားတာ လာတာနဲ့ အဖေတို့ အလုပ်ဆင်းချိန် ညနေ လေးနာရီထိုးမှ မနက်စာ စားကြရတယ်။

အခြားဈာပန တစ်ခုကျတော့ အဖေက အဲဒီသူငယ်ချင်းတွေကို အတင်း ခေါ်လို့ သူတို့ လိုက်လာကြတယ်။ ကျေးဇူးတော်ကြောင့် အဲဒီမှာ တရား ဟောတဲ့ဆရာက ခရစ်ယာန် သေခြင်းဟာ ဝမ်းနည်းစရာ မဟုတ်၊ ကောင်းကင်နိုင်ငံမှာ ထာဝရအသက်ရပြီး ယခင်သွားနှင့် သူများနဲ့ နောက် ကျန်ရစ်တဲ့ မိသားစုတွေ ပြန်တွေ့ကြမှာမို့ ဝမ်းမနည်းကြဖို့ အားပေး သွားခဲ့တယ်။ နောက်ပိုင်း တရားဟောချက် နိဂုံးချုပ်ခါနီးမှာ သင်းအုပ် ဆရာကြီးတစ်ပါး သေခါနီး သူ့သားသမီး တွေကို ဒီလို မှာခဲ့သတဲ့၊ သူ့ အသုဘ ကျရင် မင်္ဂလာဆောင် ဖိတ်စာကဲ့သို့ ဖိတ်ကြားပြီး ဖိတ်စာမှာ အသုဘ လိုက်ပို့ရင် မင်္ဂလာ ဆောင်မှာ ဝတ်စားဆင်ယင်သလို ဝတ်စား လာကြဖို့ ဆိုပြီး မှာထားသတဲ့၊ သူ တကယ် သေတဲ့အခါ သားသမီးတွေက သူမှာတဲ့အတိုင်း ဖိတ်စာရိုက်တယ်။ လာကြတဲ့သူတွေကလဲ မင်္ဂလာဆောင်လာတဲ့အတိုင်း ဝတ်ကောင်း စားလှတွေနဲ့ တီးကြ၊ မှုတ်ကြ၊ ကကြ၊ ခုန်ကြ တာ အရမ်း ပျော်စရာကြီး ဆိုပြီး တရားဟော လိုက်တာ အချိန်လဲ ခပ်တိုတိုနဲ့ ပြီးတယ်။ အဖေ့ရဲ့ အင်ဂျင်နီယာ မိတ်ဆွေတွေလဲ ဒီအသက်အရွယ်ရောက်လို့ ပြန် တွေ့တဲ့ အခါတိုင်း ဒီ အသုဘ တရားကို မှတ်မိကြတယ်။



ဒီလောက်ပါဘဲ သမီးရယ်။ သမီးရဲ့ အိမ်ထောင်ရှင်အသက်တာမှာ အချိန်နဲ့ တပြေးညီ သားသမီးများကို အချိန်ပေးသွန်သင်ဖို့နဲ့ အသင်းတော် အရေးကိစ္စတွေမှာ အချိန်ကို တန်ဖိုးထားတတ်အောင် ကြိုးစားပါလို့ … …။

အချစ်များစွာဖြင့် အဖေ။ ။ **သာဝ ( ရွာမ )**

---

## ချစ်ဆုံးထံမှတောင့်တသောအရာ

စာရေးသူသည် အခုအချိန်မှာ လောကအရာ၊ လောကတပ်မက် လိုချင်ခြင်းများကို တစ်စနဲ့တစ်စ ငြီးငွေ့လာလျက် ရှိပါတယ်။ တစ်ချိန်က စာရေးသူ သည် လောက စည်းစိမ်ရတနာတွေကို လွန်စွာမှ တပ်မက်ပါတယ်။ လက်ဝတ် ရတနာဆို စိန် မှ စိန် အရူးအမူး ဖြစ်ခဲ့ပါတယ်။ မွေးနေ့ ရောက်တော့ သူငယ်ချင်းများကို ပြောလိုက်တာက မွေးနေ့လက် ဆောင် ပေးချင်ရင် စိန် မှပေး၊ အခြားအရာဆို မပေးနဲ့လို့။ ချစ် သူငယ်ချင်း များကလည်း ၊ စာရေးသူရဲ့ မွေးနေ့မှာ ပျော်ရွှင်ရအောင်လို့ စုပြီး ဝယ်ပေး ကြ ရှာပါတယ်။ အဲ့ဒီတုန်းကလည်း စာရေးသူ တော်တော် ပျော်ခဲ့ပါတယ်။

ဒါပေမဲ့ အခုတော့ စာရေးသူ ဘာကိုမှ လိုချင်တပ်မက်ခြင်း မရှိ တော့ပါ။ သူငယ်ချင်းတွေ၊ ခင်မင်သူတွေဆီက လက်ဆောင်ရလျှင်၊ အထူး သဖြင့် ကိုယ် မလိုအပ်တဲ့အရာ၊ မနှစ်သက်တဲ့အရာ ဆိုရင်၊ အပိုအရှုပ် ဖြစ် တယ်လို့ ခံစားရပြီး၊ သူများတွေကို တစ်ဖန် လက်ဆောင်ပြန်ပေး၊ သို့မဟုတ် ချောင် တစ်ချောင်ချောင်မှာ ထိုးထဲ့ထားတတ်ပါတယ်။ စာရေးသူ ကိုယ့် ကိုယ် ကို ပြန်လည်ဆင်ခြင်သုံးသပ် ကြည့်မိပါတယ်။ ငါဟာ မာန ကြီးနေလို့လား။ သို့မဟုတ် တစ်ပါးသူရဲ့ စေတနာကို မထီမဲ့မြင် ပြုရာရောက်နေသလား လို့။

ဒါပေမဲ့ စာရေးသူ သေသေချာချာ နားလည်လိုက်တာကတော့ စာရေးသူသည် အနည်းနဲ့ အများ ရောင့်ရဲတတ်သောစိတ် ရှိသွားခြင်း၊ မလို အပ်ဘဲနဲ့ တပ်မက်လိုချင်သောစိတ် မရှိတော့ခြင်းပဲဖြစ်ပါတော့တယ်။

ဒါပေမဲ့လည်းလေ၊ စာရေးသူ ကျွန်မဟာ ကိုယ်ချစ်တဲ့သူဆီကတော့ လက်ဆောင် လိုချင်ခြင်း၊ သူတို့ဆီက အမှတ်တရနဲ့ ပေးခြင်းကိုတော့ တောင့် တမိတာ အမှန်ပါပဲ။ အထူးသဖြင့် စာရေးသူကြိုက်တတ်တဲ့ အရာ လေးတွေ၊ နှစ်သက်တန်ဖိုးထားတတ်တဲ့ ကျမ်းစကားလေးတွေ၊ ကဗျာစာသားလေးတွေ၊ ချစ်ခြင်းမေတ္တာ အမှတ်သင်္ကေတကဒ်တွေ၊ အရုပ်လက်ဆောင်လေးတွေ၊ စာ ရေးသူ လိုအပ်တဲ့အခါ ကူညီမှုလေးတွေ၊ အကြင်နာ မေတ္တာ လေးတွေဟာ စာရေးသူ အတွက် တကယ်လိုအပ်သောအရာများ၊ တန်ဖိုးထား သိမ်းဆည်း ထားအပ်သော အရာများနဲ့ စာရေးသူကို ခွန်အားဖြစ်စေ၊ ပျော်စေသော ကောင်းကြီး မင်္ဂလာအရာများ ဖြစ်ပါတယ်။

ဒီလိုပါပဲ စာရေးသူတို့ ကိုးကွယ် အသက်ရှင်တော်မူသော အဖ ဘုရားသခင်ဟာလည်း၊ ဆင်းရဲလို့၊ လိုချင်လို့ အလှူငွေများ၊ အစေခံမှုများကို တောင်းနေတာ မဟုတ်ပါဘူး။ သူ့မှာအရာအားလုံးပြည့်စုံတယ်။ ဘုရားသခင် ဟာ အရာအားလုံးကို ဖန်ဆင်းတယ်။ အရာအားလုံးလည်း ဘုရား လက် တော်ထဲမှာပဲရှိတယ်။ မိတ်ဆွေ ဘုရားသခင်ဟာ မိတ်ဆွေဆီက အလှူငွေ တွေ၊ လိုချင်တာ မဟုတ်ဘူး။ သူလိုချင်တာက သူသိပ်ချစ်တဲ့သူ (ကျွန်တော်၊ ကျွန်မ) တို့ဆီက သူနှစ်သက်တန်ဖိုးထားတဲ့အရာတွေ၊ လုပ်ဆောင် စေလိုတဲ့ အရာတွေကို တောင့်တပြီး ကျွန်တော်၊ ကျွန်မတို့ဟာ သူ့ကို ဘယ်လောက် ချစ်တယ် ဆိုတာကို၊ သူနှစ်သက် တန်ဖိုးထားတဲ့ အရာတွေ ပြန်ပေးခြင်း၊ သူလုပ်ဆောင် စေလို သော အရာများကို ပြန်လည် လုပ်ဆောင် ပေး ခြင်းဖြင့် သူ့အား ကျွန်တော် ကျွန်မတို့ ချစ် ကြောင်းကို ပြန်လည် မေတ္တာပြတာကို သူမျှော်နေ မိတာပါ။

ဒါကိုမိတ်ဆွေ နားလည်ပါရဲ့လား။ အ လှူငွေ တွေ ပေးရလွန်းလို့၊ ဘုရားသခင်ရဲ့ အမှု တော်မှာ ပါဝင် လုပ်ဆောင် ရလွန်းလို့ စိတ်ညစ်ပြီး မကျေနပ် စောဒက တက် နေပါသလား။ မိတ်ဆွေ ဘုရားသခင် အတွက် ဒီလို စိတ်ထားနဲ့ လုပ် ဆောင် ပေးလှူနေမယ်ဆိုရင် ဘုရား သခင် မ နှစ်သက်တဲ့၊ ဘုရားသခင် အလိုမရှိ တန်ဖိုး မထား တဲ့ အပိုထုတ်၊ အရှုပ် ထုတ်၊ အမှိုက်ထုတ် ဖြစ်သွားပါ လိမ့်မယ်။

မိတ်ဆွေ ဘုရားသခင်ဟာ မိတ်ဆွေ စိတ်ထဲက မပါပဲနဲ့ ပေးလှူ ခြင်း၊ လုပ်ဆောင်ခြင်းတွေကို အလို မရှိပါဘူး။ တန်ဖိုး မထား၊ လက်မခံ ပါဘူး။ မိတ်ဆွေရဲ့ အကူညီမပါဘဲနဲ့ သူ ဘာမဆို အရာအားလုံးကို လုပ်နိုင်တယ်။ ဖန်ဆင်း နိုင်တယ်။ ပြည့်စုံ စေနိုင်တယ်။

မိတ်ဆွေ … ပြန်လည်ဆင်ခြင်ကြပါစို့။ ဘုရားသခင် နှစ်သက် တန်ဖိုးထားတဲ့အရာ၊ လုပ်ဆောင်စေလိုသောအရာများကို ဘုရားသခင်အား ချစ်သောစိတ် အပြည့်အဝနဲ့ ပြန်လည်မေတ္တာပြ ပေးဆပ်ကြပါစို့လို့။

**“အိုဣသရေလအမျိုး၊ သင်၏ဘုရားသခင် ထာဝရဘုရားကို ကြောက်ရွံ့၍၊ လမ်းတော်သို့ လိုက်သွားခြင်း၊ သင်၏ ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ချစ်၍ အမှုတော်ကို ဆောင်ရွက်ခြင်း၊ သင်၏အကျိုးကို ထောက်၍ ယနေ့ ငါဆင့်ဆိုသော ထာဝရဘုရား၏ ပညတ်တော်ကို စောင့်ရှောက်ခြင်းအမှုမှတပါး၊ သင်၏ဘုရားသခင် ထာဝရဘုရားသည် အဘယ်အမှုကို တောင်းတော်မူသနည်း။**

**မိုဃ်းကောင်းကင်နှင့် ကောင်းကင်ဘဝဂ်ကိုရင်း၊ မြေကြီးနှင့် မြေကြီး တန်ဆာ ရှိသမျှကိုရင်း၊ သင်၏ ဘုရားသခင် ထာဝရဘုရား ပိုင်တော်မူ၏။”**
**(တရားဟောရာကျမ်း ၁၀း၁၂–၁၄)**

**(နန်းခင်ဖြူ) ခင်ကာမူ**

---

မည်သူ မဆို စာမူများ ရေးသား ပေးပို့ နိုင်ပါသည်
( နိုင်ငံရေး ၊ လူမျိုးရေး ၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

**Min Aung Thet Lwin**
**4, Tuas Ave 10 , S'pore 639128**
**E-mail ; min_atl@yahoo.com.sg**

---

သခင့်စကား စာဖတ်ပရိတ်သတ်အပေါင်း
ပျော်ရွှင်သော ခရစ္စမတ်နှင့် အောင်မြင်သော နှစ်သစ် မင်္ဂလာ ဖြစ်ပါစေ။